# Message Five
## ဘုရားသခင်၏ပုံသဏ္ဍာန်တော်နှင့် ဘဏ္ဍာဖြစ်သော ခရစ်တော်

ဖတ်ရန်ကျမ်း။ ။ ၂ကော၊၄း၄၊ ၇။ ကော၊၁း၁၅။ ဟေဗြဲ၊၁း၃။ ယော၊၁း၁၈

**I. ၂ကောရိန္သု ၄း၄-၇ တွင် ကျွန်ုပ်တို့သည် ခရစ်တော်ကို ဘုရားသခင်၏ပုံသဏ္ဍာန်တော်နှင့် ဘဏ္ဍာအဖြစ် တွေ့ကြုံခံစားကာ မွေ့လျော်ဝမ်းမြောက်နိုင်ကြောင်း ပြသပေးထားသည်။**

A. ဘုရားသခင်၏ပုံသဏ္ဍာန်တော်သည် ကျွန်ုပ်တို့၏အပြင်ပိုင်းထင်ရှားခြင်းအဖြစ် ခရစ်တော်ကို ရည်ညွှန်းထားပြီး၊ ဖိုးထိုက်ဘဏ္ဍာမှာမူ ကျွန်ုပ်တို့၏အတွင်းပိုင်းပါဝင်သောအရာအဖြစ် ခရစ်တော်ကို ရည်ညွှန်းသည်။

B. ကျွန်ုပ်တို့သည် အပြင်ပိုင်း ဘုရားသခင်၏ပုံသဏ္ဍာန်တော်အဖြစ် ခရစ်တော်ကို ဆောင်ထားသင့်ပြီး၊ အတွင်းပိုင်း ဖိုးထိုက်ဘဏ္ဍာအဖြစ် ခရစ်တော်ကို ရရှိထားသင့်ပါသည်။

C. ကျွန်ုပ်တို့သည် ခရစ်တော်ကို ကြွယ်ဝစွာနှင့် ပြည့်ဝစွာ မွေ့လျော်ဝမ်းမြောက်ခြင်းအထဲသို့ ဝင်ရောက်ရန် လိုအပ်သည်။

D. ဟေဗြဲ ၁း၃ အရ ခရစ်တော်သည် ဘုရားသခင့်ဘုန်းတော်၏ ထွန်းလင်းသောရောင်ခြည်ဖြစ်သည်၊ ယင်းမှာ ကိုယ်တော်သည် ဘုရားသခင်၏ပုံသဏ္ဍာန်တော် ထင်ရှားခြင်းပင် ဖြစ်သည်။

E. ဘုရားသခင်၏ပုံသဏ္ဍာန်တော်အဖြစ် ခရစ်တော်သည် ဘုရားသခင်၏ မြွက်ဟကြေညာခြင်း၊ ထင်ရှားခြင်းဖြစ်သည်။ ကိုယ်တော်သည် ဘုရားသခင်ကို မြွက်ဟကြေညာပြီး၊ ဘုရားသခင်ကို ထင်ရှားစေသည် - ယော၊၁း၁၈။

F. ကောလောသဲ ၁း၁၅ တွင် ခရစ်တော်သည် "မျက်မြင်မရသော ဘုရားသခင်၏ ပုံသဏ္ဍာန်တော်"အဖြစ် ပြောထားသည်။ ဤနေရာရှိ ပုံသဏ္ဍာန်တော်မှာ ရုပ်ပိုင်းဆိုင်ရာပုံစံမဟုတ်ဘဲ၊ ကိုယ်တော်၏ဂုဏ်အင်္ဂါများနှင့် ကောင်းမြတ်ခြင်းများအားလုံး၌ ဘုရားသခင့်ဖြစ်ခြင်း၏ ထင်ရှားခြင်းပင်ဖြစ်သည်။

G. ကျွန်ုပ်တို့၏အသိဉာဏ်သည် ကျွန်ုပ်တို့က ခရစ်တော်ကို ဘုရားသခင်၏ ပုံသဏ္ဍာန်တော်အဖြစ် ရှင်းလင်းစွာ မြင်ရသည့် အတိုင်းအတာအထိ အသစ်ပြုပြင်ခံရရန် လိုအပ်သည် - ရော၊၁၂း၂။

**II. ၂ကောရိန္သု ၄း၄ တွင် ပေါလုက "ဘုရားသခင်၏ ပုံသဏ္ဍာန်တော် တည်းဟူသော ခရစ်တော်၏ ဘုန်းအသရေနှင့် ပြည့်စုံသော ဧဝံဂေလိတရား၏ ရောင်ခြည်တော်"ဟု ပြောထားသည်။**

A. ဤကျမ်းပိုဒ်၌ ပေါလုက ဤခေတ်၏ဘုရား၊ ဤလောက၏အစိုးရသူ (ယော၊၁၂း၃၁။ ၁၄း၃၀။ ၁၆း၁၁။ ဧ၊၂း၂) သည် မယုံကြည်သူများ၏ စဉ်းစားခြင်းများကို ကွယ်စေကြောင်း ကျွန်ုပ်တို့ကို အသိပေးထားသည်။

1. ဤခေတ်၏ဘုရားသည် မျက်မှောက်ခေတ်၏ အစိုးရသူ၊ ယနေ့၏လောကကို စိုးမိုးနေသူဖြစ်သည့် စာတန်ဖြစ်ပြီး၊ လူတို့၏ အသိဉာဏ်နှင့် စဉ်းစားခြင်းများကို ကွယ်စေခြင်းအားဖြင့် သူတို့၏ ကိုးကွယ်မှုကို ကြိုးစားရှာဖွေနေသည် - ၂ကော၊၄း၄။
2. ယနေ့ လူများအားလုံး ရှေးရိုးစွဲသူဖြစ်စေ၊ ယဉ်ကျေးမှုမြင့်မားသူဖြစ်စေ အားလုံးသည် ဤခေတ်၏ဘုရားအားဖြင့် မျက်ကန်းစေခြင်း ခံခဲ့ကြရပြီဖြစ်သည်။
3. ကျွန်ုပ်တို့သည် "သခင်၊ ဤခေတ်၏ ဘုရားကို အနိုင်ယူရန် ကိုယ်တော်၌ ကိုးစားပါ၏။ ကိုယ်တော်မှလွဲ၍ ကျွန်ုပ်သည် မည်သူ့ကိုမျှ၊ မည်သည့်အရာကိုမျှ မကိုးကွယ်ပါ"ဟု ဆုတောင်းရန် လိုအပ်သည်။
4. ဤနည်းလမ်း၌ ဆုတောင်းမည်ဆိုလျှင် ဘုရားဆိုင်ရာအလင်းသည် ထွန်းလင်းလာကာ၊ ကျွန်ုပ်တို့သည် ဖွင့်ပြခြင်းကို ရရှိလိမ့်မည်ဖြစ်သည်။
5. ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ ခံယူချက်များကို စွန့်ကာ၊ သခင်ဘုရားထံသို့ ကျွန်ုပ်တို့၏စိတ်နှလုံး လှည့်ပြန်လာမည်ဆိုလျှင် (၃း၁၆) ဖုံးကွယ်ရာသည် ဖယ်ရှားခံရမည်ဖြစ်ကာ၊ ဤခေတ်၏ဘုရားသည် ကျွန်ုပ်တို့ဖြစ်ခြင်း၌ မည်သည့် အခြေချရာမျှ ရှိမည်မဟုတ်ပါ။

B. ခရစ်တော်၏ဧဝံဂေလိတရားသည် ရောင်ခြည်ထွက်ကာ ထွန်းလင်းနေသော ဘုန်းတော်၏ ဧဝံဂေလိတရားဖြစ်သည်။

C. ဘုရားသခင်သည် မျက်မြင်မရပါ၊ သို့သော် ဘုရားသခင်ချစ်တော်မူသော သားတော်၊ ခရစ်တော်သည် ကိုယ်တော်၏ပုံသဏ္ဍာန်တော်၊ ကိုယ်တော်ဖြစ်သောအရာကို ထင်ရှားခြင်း ဖြစ်ကာ၊ ဘုရားသခင့်ဘုန်းတော်၏ ရောင်ခြည်နှင့် ကိုယ်တော်၏ ဇာတိအဖြစ်တော် ခတ်နိုပ်ခြင်း ဖြစ်တော်မူသည် (ဟေဗြဲ၊၁း၃)။

D. ကောလောသဲ ၁း၁၅ ရှိ ဘုရားသခင်၏ပုံသဏ္ဍာန်တော်သည် ဘုရားသခင်၏ ထင်ရှားခြင်းနှင့် ဘုရားသခင်၏ ပြည့်ဝပြည့်စုံခြင်းကို ရည်ညွှန်းကာ၊ ယင်းမှာ ခရစ်တော်ကိုယ်တော်တိုင် ဖြစ်သည်။

E. *မျက်မြင်မရသော ဘုရားသခင်၏ ပုံသဏ္ဍာန်တော်* ဟူသော ဖော်ပြချက်မှာ ဘုရားသခင်ကိုယ်တော်တိုင်သည် မျက်မြင်မရနိုင်သော်လည်း၊ ကိုယ်တော်၏ပုံသဏ္ဍာန်တော်မှာမူ မြင်ရနိုင်ကြောင်း ရည်ညွှန်းခြင်းဖြစ်သည် - အငယ်၊၁၅။

F. မျက်မြင်မရနိုင်သော ဘုရားသခင်၌ မြင်နိုင်သော ပုံသဏ္ဍာန်တော်ရှိပြီး၊ ဤပုံသဏ္ဍာန်တော်မှာ ခရစ်တော်ဖြစ်သည်။

1. ယောဟန် ၁း၁၈ တွင် “ဘုရားသခင်ကို အဘယ်သူမျှ မမြင်စဖူးသော်လည်း၊ ခမည်းတော်၏ ရင်ခွင်၌ရှိသော တစ်ပါးတည်းသော သားတော်သည် ဘုရားသခင်ကို ထင်ရှားဖော်ပြတော်မူပြီ” ဟုပြောထားသည်။

2. ဘုရားသခင်သည် မျက်မြင်မရသော်လည်း ကိုယ်တော်သည် အသက်ရှင်သော ပုဂ္ဂိုလ်တော်ဖြစ်သည့် ဘုရားသခင့်သားတော်၊ ယေရှုခရစ်အားဖြင့် ထင်ရှားဖော်ပြခဲ့ပြီဖြစ်သည် - ၃း၁၆။

## III. “ထိုဘဏ္ဍာသည် မြေအိုးများ၌ ထည့်ထားလျက် ငါတို့၌ရှိ၏” - ၂ကော၊၄း၇က။

A. ကျွန်ုပ်တို့၌ အသက်ပေးသော ဝိညာဉ်တော်အဖြစ် ခရစ်တော်သည် ထွန်းလင်းကာ အလုပ်လုပ်နေသောအရှင် ဖြစ်သည်။ ဤသည်မှာ ကျွန်ုပ်တို့၌ရှိသော ဘဏ္ဍာ ဖြစ်သည်။

B. ကျွန်ုပ်တို့စိတ်နှလုံးများ၌ ဘုရားသခင်၏ထွန်းလင်းခြင်း (အငယ်၊၄၊ ၆) သည် ကျွန်ုပ်တို့အထဲသို့ ဘုန်းတော်၏ခရစ်တော်တည်းဟူသော ဘဏ္ဍာကို ယူဆောင်လာသည်၊ ကိုယ်တော်သည် ကျွန်ုပ်တို့၏အသက်နှင့် ကျွန်ုပ်တို့၏အရာခပ်သိမ်း ဖြစ်ရန် ဘုရားသခင်၏ကိုယ်ထင်ရှားခြင်း ဖြစ်သည်။

C. ကျွန်ုပ်တို့စိတ်နှလုံးများ၌ ထွန်းလင်းခြင်းကြောင့် ကျွန်ုပ်တို့သည် အံ့သြဖွယ်သော၊ အဖိုးတန်သော၊ အံ့အားသင့်ဖွယ်သော ဘဏ္ဍာကို ရရှိကြသည်။

D. မြေအိုးများဖြစ်သော ကျွန်ုပ်တို့၌ ကိန်းဝပ်နေသည့် ခရစ်တော်တည်းဟူသော ဤဘဏ္ဍာသည် ခရစ်ယာန်အသက်တာအတွက် ဘုရားဆိုင်ရာ မစမှု အရင်းအမြစ် ဖြစ်သည် - အငယ်၊၇။

E. ၂ကောရိန္သု ၄း၇ ရှိ *ဤဘဏ္ဍာ* ဟူသော ဖော်ပြချက်သည် အပိုဒ်ငယ် ၆ ကို ရည်ညွှန်းနေပြီး၊ ယင်း၌ ပေါလုက ယေရှုခရစ်တော်၏ မျက်နှာတော်အကြောင်း ပြောထားသည်။

1. ကျွန်ုပ်တို့စိတ်နှလုံးများ၌ ဘုရားသခင်၏ထွန်းလင်းခြင်းမှာ ကျွန်ုပ်တို့က ခရစ်တော်၏ မျက်နှာတော်၌ ဘုရားသခင်၏ ဘုန်းတော်ကို သိရှိနိုင်မည့်အကြောင်း ကျွန်ုပ်တို့ကို အလင်းပေးရန် ဖြစ်သည်။

2. ယေရှုခရစ်တော်၏ မျက်နှာ၌ ထင်ရှားပေါ်လာခဲ့သော ဘုရားသခင်၏ဘုန်းတော်မှာ ဘုန်းတော်၏ ဘုရားသခင်သည် ယေရှုခရစ်တော်မှတစ်ဆင့် ထင်ရှားခဲ့ခြင်းဖြစ်သည်။ ကိုယ်တော်ကို သိကျွမ်းခြင်းမှာ ဘုန်းတော်၏ဘုရားသခင်ကို သိကျွမ်းခြင်းပင် ဖြစ်သည် - အငယ်၊၆။

3. တိုက်ရိုက်အနက်အားဖြင့် ဂရိစကားလုံး၌ ၂ကောရိန္သု ၄း၆ ရှိ *မျက်နှာ* သည် ၂း၁၀ ရှိ “ပုဂ္ဂိုလ်”ဟု ဘာသာပြန်ဆိုထားသောစကားလုံးနှင့် အတူတူပင်ဖြစ်ကာ၊ မျက်လုံးအနားပတ်လည်ကို ဆိုလိုလျက်၊ ပုဂ္ဂိုလ်တစ်ခုလုံးကို ထုတ်ဖော်ပြသထင်ရှားစေသော အတွင်းပိုင်း စဉ်းစားမှုများနှင့် ခံစားချက်များပြည့်နေသည့် စူးစိုက်သောအကြည့်ကို ရည်ညွှန်းသည်။

4. ဤသည်မှာ ကျွန်ုပ်တို့သည် ခရစ်တော်၏မျက်နှာတော် ညွှန်းရာကို မရရှိလျှင် ကိုယ်တော်သည် ကျွန်ုပ်တို့ထံ စစ်မှန်ခြင်း၌ ဘဏ္ဍာ ဖြစ်နိုင်မည်မဟုတ်ပေ။

   a. ကျွန်ုပ်တို့သည် ယေရှုခရစ်တော်၏မျက်နှာကို မမြင်ရမချင်း ကျွန်ုပ်တို့အတွင်း၌ ဘဏ္ဍာရှိကြောင်း အာရုံခံစားနိုင်မည်မဟုတ်ပါ။

b. တစ်ဖက်တွင် ကျွန်ုပ်တို့အားလုံး မြေအိုးများဖြစ်ကြောင်းနှင့် ခရစ်တော်သည် ကျွန်ုပ်တို့အတွင်း၌ ဘဏ္ဍာ ဖြစ်ကြောင်း ကြွေးကြော်နိုင်ပါသည်။

c. အခြားတစ်ဖက်တွင် ကျွန်ုပ်တို့သည် ခရစ်တော်၏မျက်မှောက်တော်၌ အသက်ရှင်ခြင်း၊ ကိုယ်တော့်ဖြစ်ခြင်း၏ ညွှန်းရာကို ကြည့်ရှုခြင်း ရှိသောအခါမှသာလျှင် ကိုယ်တော်သည် ကျွန်ုပ်တို့ထံသို့ ဘဏ္ဍာဖြစ်ကြောင်း အာရုံခံစားကြမည်ဖြစ်သည် - အငယ်၊၁၀။

F. ကိုယ်တော်၏အကြံအစည်တော် ပြည့်စုံစေခြင်း၌ ဘုရားသခင့်ဖြစ်စဉ်အဆင့်ဆင့်မှာ ပထမအဆင့်သည် မိမိကိုယ်တော်တိုင် အသက်အဖြစ် ထည့်ဝင်မည့် မြေအိုးများအဖြစ် လူကို ဖန်ဆင်းရန် ဖြစ်သည် - က၊၂း၇။

1. ဘုရားသခင်က ကျွန်ုပ်တို့ကို ရွေးချယ်ထားခြင်းမှာ ကျွန်ုပ်တို့သည် သုံးပါးတစ်ပါးဘုရားဖြင့် ဖြည့်ခြင်းခံမည့် အသရေရှိသော ထည့်စရာတန်ဆာများဖြစ်ရန် ဖြစ်သည် - ရော၊၉း၂၁၊ ၂၃။ ၂ကော၊၁၃း၁၄။
2. ဓမ္မသစ်ကျမ်းက ဘုရားသခင်သည် ထည့်စရာတန်ဆာများဖြစ်သော ယုံကြည်သူများအား ကိုယ်တော်ကို ချစ်ရန်နှင့် ကိုယ်တော်ထံ သူတို့ကိုယ်ကို ဖွင့်ထားလျက်ရှိစေရန် အလိုတော်ရှိကြောင်း ပြသထားသည် - ရော၊၉း၂၁၊ ၂၃။ ၂ကော၊၃း၁၆။
3. ကျွန်ုပ်တို့ဖြစ်ခြင်း၏ နက်နဲရာများ၌ ကျွန်ုပ်တို့သည် သခင်ဘုရားထံသို့ ဖွင့်ပေးခြင်းမရှိခဲ့လျှင် ကိုယ်တော်သည် မိမိကိုယ်တော်တိုင် ကျွန်ုပ်တို့အထဲသို့ ဝေငှဖြန့်ဖြူးနိုင်မည်မဟုတ်သလို၊ ကျွန်ုပ်တို့စိတ်နှလုံးများ၌ သူ၏အိမ်ဆောက်နေ၍ မရနိုင်ပါ - ၁ကော၊၂း၁၀။
4. ဖွင့်ထားသည့် ထည့်စရာတန်ဆာသည် ဘာမျှမလုပ်ဘဲ၊ မိမိကိုယ်ကို ဖွင့်ထားလျက် ဘုရားဆိုင်ရာသုံးပါးတစ်ပါး၏ ဘုရားဆိုင်ရာ ဝေငှဖြန့်ဖြူးခြင်းကို ဖြည့်ခြင်းခံရန်သာ ဖြစ်သည် - ၂ကော၊၁၃း၁၄။
5. သခင်ဘုရားသည် ကျွန်ုပ်တို့ကို ဖြည့်ပေးသောအခါ ကိုယ်တော်သည် ကျွန်ုပ်တို့အတွက် အရာခပ်သိမ်းကို လုပ်ဆောင်ပေးသည် - ဧ၊၃း၁၉။

G. ကျွန်ုပ်တို့သည် အားနည်းကြသည်၊ အကြောင်း မြေကြီးတန်ဆာများဖြစ်ကြသောကြောင့် ဖြစ်သည်။ သို့သော်လည်း ထည့်စရာတန်ဆာဖြစ်သည့် ကျွန်ုပ်တို့အတွင်းရှိ ဘဏ္ဍာက သခင်ဘုရားထံသို့ ကျွန်ုပ်တို့ကိုယ်ကို ဖွင့်ထားလျက်ရှိစေရန် တတ်စွမ်းစေပြီး၊ ကိုယ်တော်လုပ်ဆောင်လိုသမျှ လုပ်ဆောင်ရန် အခွင့်အရေးရှိသမျှကို ကိုယ်တော်အား ပေးနေသည်။ ဤအရာသည် သင့်လျော်မှန်ကန်သော၊ စစ်မှန်သော ခရစ်ယာန်အသက်တာ ဖြစ်သည် - အငယ်၊၁၇။ ဂလ၊၂း၂၀။

## IV. "သာလွန်ထူးမြတ်သော တန်ခိုးတော်သည် ငါတို့နှင့်မဆိုင်၊ ဘုရားသခင်နှင့် ဆိုင်မည်အကြောင်း" - ၂ကော၊၄း၇ခ။

A. ကျွန်ုပ်တို့သည် မြေကြီးတန်ဆာများဖြစ်ခြင်းအချက်က တန်ခိုးတော်၏ သာလွန်ထူးမြတ်ခြင်းသည် ဘုရားသခင်၏အရာဖြစ်ပြီး၊ ကျွန်ုပ်တို့ထံမှမဟုတ်ကြောင်း သက်သေပြသည်။

1. ကျွန်ုပ်တို့ကိုယ်တိုင်၌ ကျွန်ုပ်တို့သည် မြေကြီးတန်ဆာဖြစ်ခြင်းထက် ဘာမျှမဟုတ်ပါ။ ကျွန်ုပ်တို့သည် အပြစ်ပြည့်ဝ၍၊ ကျဆင်းကာ၊ နိမ့်ကျနေကြသည်။
2. ထိုသို့အနေဖြင့် ကျွန်ုပ်တို့၌ သမ္မာတရားကို ထင်ရှားဖော်ပြရန်နှင့် ဧဝံဂေလိ၏ဘုန်းတော်ကို ထွန်းလင်းစေရန် တန်ခိုးမရှိကြပါ - အငယ်၊၄။

B. ကျွန်ုပ်တို့သည် တန်ဖိုးမဲ့သော မြေကြီးတန်ဆာများဖြစ်ကြသော်လည်း၊ ဘုရားသခင်သည် ကျွန်ုပ်တို့အထဲသို့ အဖိုးထိုက်တန်သော ဘဏ္ဍာကို ထွန်းလင်းပေးခဲ့ပြီဖြစ်သည်။

1. ယခု ဤဘဏ္ဍာသည် ကျွန်ုပ်တို့ကို စွမ်းအားပေးသော တန်ခိုးတော်၏အရင်းအမြစ်ဖြစ်လာကာ၊ ဘုရားသခင်၏ဘုန်းတော်ကို ထွန်းလင်းစေရန်နှင့် သမ္မာတရားကို ထင်ရှားဖော်ပြရန် ကျွန်ုပ်တို့ကို တတ်စွမ်းစေသည် - အငယ်၊၇က။
2. ဤဘဏ္ဍာသည် တန်ခိုးရှိပြီး၊ ဤတန်ခိုးသည် သာလွန်ထူးကဲလှသည်။

C. အပြင်ပိုင်း၌ ကျွန်ုပ်တို့သည် မြေကြီးတန်ဆာများဖြစ်ကြသည်၊ သို့သော် အတွင်းပိုင်း၌ ကျွန်ုပ်တို့၌ တန်ဖိုးဖြတ်မရသော ဘဏ္ဍာ - အရာအားလုံးပါဝင်သော အသက်ပေးသောဝိညာဉ်တော် ဖြစ်ရန် အဆင့်ဆင့်ဖြတ်ကျော်ကာ ပြီးမြောက်ပြည့်စုံသည့် သုံးပါးတစ်ပါးဘုရား၏ ကိုယ်ထင်ရှားခြင်းအဖြစ် ခရစ်တော် - ရှိနေသည် - ၁ကော၊၁၅း၄၅ခ။

D. ကျွန်ုပ်တို့အတွင်း၌ အံ့သြဖွယ်ဘဏ္ဍာအဖြစ် ခရစ်တော် ရှိနေသည်။ အပြင်းပိုင်း၌ ကျွန်ုပ်တို့သည် ဘုရားသခင်၏ပုံသဏ္ဌာန်တော်၊ သုံးပါးတစ်ပါးဘုရား၏ ထင်ရှားခြင်းအဖြစ် ခရစ်တော်ကို ဆောင်ထားကြသည် - ၂ကော၊၄း၄။

E. ကျွန်ုပ်တို့သည် သခင်ယေရှု၌ ယုံကြည်ကြသောအခါ ကျွန်ုပ်တို့က ရွေးနုတ်ရှင်ကိုမျှသာ ရရှိခြင်းထက် ပိုပါသည်။ ကျွန်ုပ်တို့က စကြဝဠာ၌ သာလွန်ထူးမြတ်မှုအရှိဆုံးသောအရှင်ကို လက်ခံရရှိထားကြခြင်းဖြစ်သည်။

F. ကျွန်ုပ်တို့သည် အတွင်း၌ ဘဏ္ဍာနှင့် အပြင်ပိုင်း၌ ပုံသဏ္ဌာန်တော်အဖြစ် ခရစ်တော်ကို တွေ့ကြုံခံစားခြင်းနှင့် မွေ့လျော်ဝမ်းမြောက်ခြင်း ရှိရန် လိုအပ်သည်။

*© 2024 Living Stream Ministry*